“အားကောင်းသည့် မုအ်မင်န်သည် အားအင်ချည့်နဲ့သည့်

မုအ်မင်န်ထက် အလ္လာဟ်အရှင်မြတ်ထံတော်တွင်

ပို၍ကောင်းမြတ်ပြီး ပို၍နှစ်သက်ခြင်းခံရသည်။

မုအ်မင်န်တိုင်းတွင် ကောင်းခြင်းရှိသည်

အဗူဟူရိုင်ရဟ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏
ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။
“အားကောင်းသည့် မုအ်မင်န်သည် အားအင်ချည့်နဲ့သည့် မုအ်မင်န်ထက်
အလ္လာဟ်အရှင်မြတ်ထံတော်တွင် ပို၍ကောင်းမြတ်ပြီး ပို၍နှစ်သက်ခြင်းခံရသည်။
မုအ်မင်န်တိုင်းတွင် ကောင်းခြင်းရှိသည်။ အသင့်အားအကျိုးပြုမည့်အရာကို လိုလားပါ။အလ္လာဟ်အရှင်မြတ်ထံတော်တွင် အကူအညီတောင်းခံပါ။ မတတ်စွမ်းနိုင်သူ မဖြစ်လေနှင့်။အကယ်၍ သင့်ထံ တစ်စုံတစ်ရာ ဆိုက်ရောက်လာပါက အကယ်၍ ငါသာ ဒီလိုလုပ်ခဲ့ရင် ဒီလို
ဒီလို ဖြစ်ခဲ့မည်ဟူ၍ မပြောဆိုလေနှင့်။ သို့သော် အလ္လာဟ်အရှင်မြတ်
သတ်မှတ်စီရင်တော်မူခဲ့ပြီးဖြစ်သည်။ အရှင်မြတ်သည် မိမိအလိုရှိသည်ကို
ပြုလုပ်တော်မူခဲ့သည်ဟုသာ ပြောဆိုပါ။ အဘယ်ကြောင့်ဆိုသော် (အကယ်၍)ဟူသော
စကားလုံးသည် ရှိုင်သွာန်၏ လုပ်ရပ်ကို ဖွင့်ပေးလိုက်သော‌ကြောင့်ဖြစ်သည်။"
[صحيح] [رواه مسلم]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူသည်မှာ - မုအ်မင်န်ယုံကြည်သူသည် အခြေအနေတိုင်းတွင် သာလွန်ကောင်းမွန်သူဖြစ်သည်။ သို့ရာတွင်အီမာန်ယုံကြည်မှု၊ စိတ်ဓာတ်ခိုင်မာမှု၊ ဥစ္စာဓနနှင့် အခြားအရည်အချင်းများတွင်အားကောင်းသော မုအ်မင်န်သည် အားနည်းသော မုအ်မင်န်ထက် သာလွန်ကောင်းမွန်ပြီးအလ္လာဟ်အရှင်မြတ်ထံတော်တွင် ပိုမိုချစ်မြတ်နိုးခြင်းခံရသည်။ ထို့နောက်တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် မုအ်မင်န်အား ဒွန္နယာ၊ အာခိရသ်နှစ်ဘဝစလုံးတွင် အကျိုးဖြစ်စေမည့်ကိစ္စရပ်များတွင် အကြောင်းခံများကိုကိုင်တွယ်ဆောင်ရွက်ရန် သွန်သင်ဆုံးမတော်မူခဲ့သည်။ ထိုသို့ဆောင်ရွက်ရာတွင်အလ္လာဟ်အရှင်မြတ်အား အားကိုးပြီး အရှင်မြတ်၏ အကူအညီကို တောင်းခံကာ အရှင်မြတ်အပေါ်ယုံကြည်အားထားရမည် ဖြစ်သည်။ ထို့နောက် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် နှစ်ဘဝအတွက် အကျိုးရှိသောအရာများကို ပြုလုပ်ရန်အားနည်းခြင်း၊ ပျင်းရိခြင်းနှင့် လေးလံထိုင်းမှိုင်းခြင်းတို့မှတားမြစ်တော်မူခဲ့သည်။ သို့ဖြစ်၍ မုအ်မင်န်သည် အလုပ်လုပ်ရာတွင် ကြိုးစားအားထုတ်ပြီးအကြောင်းခံများကို ကိုင်တွယ်ကာ အလ္လာဟ်အရှင်မြတ်ထံတော်တွင် အကူအညီနှင့်ကောင်းခြင်းများကို တောင်းခံရမည်။ ထို့နောက် မိမိ၏ ကိစ္စအဝဝကို အလ္လာဟ်အရှင်မြတ်ထံလွှဲအပ်ကာ အလ္လာဟ်အရှင်မြတ်၏ ရွေးချယ်မှုသည်သာလျှင် အကောင်းဆုံးဖြစ်ကြောင်းသိနားလည်ထားရမည်။ ထိုသို့ပြုလုပ်ပြီးနောက် သူ့အပေါ် ဘေးဒုက္ခတစ်စုံတစ်ရာဆိုက်ရောက်လာပါက - “အကယ်၍ ငါသာ ဒီလိုလုပ်ခဲ့ရင် ဒီလို ဒီလို ဖြစ်ခဲ့မည်” ဟုမပြောဆိုရပေ။ အဘယ့်ကြောင့်ဆိုသော် “အကယ်၍”ဟူသောစကားလုံးသည် သက္ကဒီရ်အားစောဒကတက်ခြင်း၊ လွန်ခဲ့သောအရာများအတွက် ဝမ်းနည်းခြင်းတို့ကို ဖြစ်စေသောရှိုင်သွာန်၏ လုပ်ရပ်ကို ဖွင့်ပေးသောကြောင့် ဖြစ်သည်။ ထိုအစား ၎င်းအနေဖြင့်

□□□□□□□□□□ □□□□□□□□□□ □□□□□□□□ □□□□□□□□□□□□□□□□□□□□ "□□□□□□□□□□□□□□□□□□□